သဲကုန်းကျေးရွာ

ကျောက်မှော်ကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လပွတ္တာမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ် လ၊ ၂၀၁၈ ခုနှစ်

## မာတိကာ


မာတိကာ

သဲကုန်းကျေးရွာ သယံဇာတပြမြေပုံ

သဲကုန်းကျေးရွာ ရာသီခွင်ပြမြေပုံ

သဲကုန်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င ) ပညာရေး

(စ ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား


– ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီအမည်အရင်း

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ကျောက်မှော်ကျေးရွာအုပ်စု၊ သဲကုန်းကျေးရွာ သယံဇာတပြ မြေပုံ



## ကျောက်မှော်ကျေးရွာအုပ်စု၊ သဲကုန်းကျေးရွာ ရာသီခွင်ပြ မြေပုံ


သဲကုန်းကျေးရွာ ရာသီခွင်ပြ ဇယား

သဲကုန်းကျေးရွာ အဖွဲ့အစည်းပြမြေပုံ(Venn Diagram)



**၁။ တည်နေရာနှင့် ပထဝီအနေအထား**

သဲကုန်းကျေးရွာသည် လပွတ္တာမြို့နယ်၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၏ ကျောက်မော်ကျေးရွာ အုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကျောက်မော် ကျေးရွာနှင့်ဆက်သော ရွာချင်းဆက်လမ်းနှင့် အအေးခန်း(ငါးပုဇွန်)ရှိပြီး၊ ကျေးရွာ၏ အနောက်ဘက်တွင် လယ်ကွင်းများနှင့် လပွတ္တာမြို့ရှိပြီး (၃)မိုင်ကွာဝေးပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် လပွတ္တာ–မြောင်းမြဆက်သွယ်ရေးလမ်းမကြီးနှင့် (၃)မိုင်မြို့သစ်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက် တွင်လယ်ကွင်းများနှင့် ချွေးမြစ်ရှိပါသည်။ ကျေးရွာတွင် ဗမာ လူမျိုးများ နေထိုင်ကြပါသည်။

**၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ကျေးရွာသည် လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်း မွန် သည်။ မိုးရေကိုအဓိကထားပြီးစိုက်ပျိုးသော စိုက်ပျိုးမြေဧက (၄၉)ခန့်ရှိပြီး မိုးစပါးကို သာ စိုက်ပျိုးကြပါသည်။ နွေရာသီတွင် ချဉ်ပေါင်ရွက်၊ ရုံးပတေသီးစသည့် ဟင်းသီး ဟင်းရွက် များ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် အသက် မွေးဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုး ရေး၊ မွေးမြူရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ရန်ကုန် အထည်ချုပ် စက်ရုံသို့ သွားရောက် လုပ်ကိုင်ပြသည့် အလုပ်သမားများလည်းရှိကြပါသည်။

နှစ်စဉ် မိုးရေချိန်လက်မ(၈၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂.C) ဖြစ်ပါသည်။ ကျေးရွာ တွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ များတွင်မိုးများ သောကြောင့် ရေကြီးလေ့ရှိပါသည်။ ရေကြီးသောကြောင့် ကျေးရွာရှိ တောင်သူလယ်သမား တစ်ချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ ရှိပါသည် တစ်ချို့သော တောင်သူ များမှာ တစ်ပိုင် တစ်နိုင် ရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။

**၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

သဲကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေးနာရေးလုပ်ငန်း ကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသမီး/ သား လူငယ်အဖွဲ့၊ ချက်ပြုတ် ရေးအဖွဲ့၊ ဘုန်းတော်ကြီး ကျောင်းဂေါပကအဖွဲ့၊ ကျေးရွာအရံမီးသတ် အဖွဲ့တို့ ဖြစ်သည်။

ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီး ငယ်ပေါ်ပေါက်လျှင် ရွာသားများစည်းလုံး ညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့ အကျင့်ကောင်းများ ရှိပါသည်။ ပြင်ပမှ Save The Children အဖွဲ့သည်လည်း ကလေးငယ်များကို ထောက်ပံ့ပစ္စည်းများ ပေးပါသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

သဲကုန်းကျေးရွာတွင် တောင်သူလတ် (၄) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၅) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးကို အားထားစိုက် ပျိုးကြ ပါသည်။ မြေယာမဲ့ အိမ်ထောင်စု(၈၂) ရှိကြပါသည် စုစုပေါင်း အိမ်ထောင်စုထက် (၅၉.၂၁%)ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင် နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကေ ပျမ်းမျှ (၅၀) တင်းသာ ရှိပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝ မြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေ သြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်း မဝေး သဖြင့် လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲ စား များမှတဆင့် ရောင်းချနိုင်ကြပါသည်။

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁) အိမ်ရှိပြီး နွားကောင်ရေ (၅) ကောင်၊ ၊ ကျွဲမွေးသောအိမ်ထောင်စု (၁) အိမ်မှ (၆) ကောင်၊ ဆိတ်မွေးသောအိမ်ထောင်စု (၂) စုမှ အကောင်ရေ(၁၄)ကောင်၊ ဝက်မွေးသောအိမ်ထောင်စု(၁၆) ကောင်၊ အိမ်ထောင်စု (၄၈) စုမှ ကြက်မွေးသောအိမ်ထောင်(၄၁)စုမှ အကာင်ရေ (၂၅၄) ကောင်၊ ဘဲအိမ်ထောင်စု (၇) အိမ်မှ ဘဲ (၃၃) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း ဖြစ်ပြီး အဓိကစိုက်ပျိုး သီးနှံမှာ စပါး ဖြစ်ပါသည်။ စိုက်ဧကအများစုမှာ မိုးရေကိုသာ အဓိက အသုံးပြုစိုက်ပျိုးကြ၍ နှစ်စဉ် ကျေးရွာမှ မိုးစပါး တစ်ဧက ပျှမ်းမျှတင်း(၅၀) ထွက်ရှိပါသည်။

ကျေးရွာရှိအမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် တစ်ပိုင် တစ် နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူကြပါသည်။ တစ်ချို့သောအမျိုးသမီးများသည် ခေါင်းရွက်

ဖျက်ထိုး ဈေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်း သောလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများသို့ ရွှေ့ပြောင်းသွား ရောက်လုပ်ကိုင် နေသူများ လည်းရှိကြပါသည်။

**(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး ( ၂၂) စီး၊ မော်တော် ဆိုင်ကယ် (၂၂ ) စီး၊ သုံးဘီးဆိုင်ကယ် (၂ ) စီး၊ ထော်လာဂျီ (၂ ) စီး၊ စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍ အတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင်းလမ်းမှာ ကိုယ်ထူကိုယ်ထ တပိုင်တနိုင် ကျောက်ကြမ်းလမ်းဖြစ်ပြီး လပွတ္တာ-မြောင်းမြ အဝေးပြေးလမ်းမကြီး ဆက်သွယ်သော ရွာအဝင်လမ်းရှိသည်။ ရွာတွင်းလမ်းသည် မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များ ဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။ ကျောင်းသားကျောင်းသူများ အနေဖြင့် လမ်းတွင် ဗွက်များ၊ ချိုင့်များ ဖြစ်နေသောကြောင့် ကျောင်းသွား ကျောင်းပြန် အခက် အခဲများ ရှိပါသည်။ ကျေးရွာရှိ ကျောက်ကြမ်းလမ်းကို ကျောက်ချော(သို့) ကွန်ကရစ်လမ်း အဖြစ်ခင်းပေးရန် ကျေးရွာသားများက လိုလားနေကြပါသည်။ ရေလမ်းခရီး အသုံးပြုမှုနည်း ပါးသဖြင့် ကုန်းလမ်းဆက်သွယ်ရေး အတွက် မော်တော်ဆိုင် ကယ်၊ စက်ဘီး နှင့်ထွေလာဂျီ တို့ကို အသုံးပြုလျက် ရှိကြသည်။ ကျေးရွာတွင် စာသင်ကျောင်းမရရှိသေးပါ။ အုပ်စုကျေးရွာဖြစ်သော ကျောက်မှောကျေးရွာသို့ သွားရောက်တက်ရပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

မွေးမြူရေးလုပ်ငန်းများနှင့်စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန်လိုလားကြပါသည်။

ကျေးရွာတွင် ငွေကြေးဆိုင်ရာ ချေးငွေပြင်ပအဖွဲ့အစည်းအနေဖြင့် မရှိပါ။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင် စုများ၏ အကြွေးတင်ရှိမှုကိုလေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်တစ် သိန်းမှ လေးသိန်းထိရှိကြကြောင်းတွေ့ရသည်။Save The Children အဖွဲ့အစည်းမှ ကလေးများအား ပစ္စည်းများထောက်ပံ့ပေးပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ မူလတန်းကျောင်းသား/ သူပေါင်း (၅၁)ယောက်၊ အလယ်တန်းကျောင်းသား/သူပေါင်း (၁၃)ယောက်၊ အထက်တန်း ကျောင်းသား/သူပေါင်း (၉)ယောက်နှင့် ဘွဲ့ရ(၅)ယောက်ရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်း မရှိခြင်းကြောင့် ကျောက်မှော်ကျေးရွာတွင် သွားရောက်တက် ရပါသည်။ ရွာထဲရှိ ပညာသင်ယူနေသော ကျောင်းသား/သူ များမှာ အခက်အခဲ ရှိပါသည်။

**(စ) ကျန်းမာရေး**

ကျန်းမာရေးစောင့်ရှောက်မှု အသင့်အတင့်ရရှိသော်လည်း (၂)ဖာလုံခန့်ဝေး ကွာသော ကျောက်မှော်ဆေးခန်းသို့ သွားရောက်ကုသရပါသည်။ (၃)မိုင်မြို့ပြည်သူ့ဆေးရုံနှင့် နီးသောကြောင့် အရေးပေါ်အခြေအနေတွင် အခက်အခဲမရှိပါ။ ကျေးရွာတွင် သာမန်ဖျားနာခြင်း၊ နာစေးခြင်းစသည့် ဖျားနာမှုများမှာ အဖြစ်များလေ့ရှိသောကြောင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာမရှိသော ကျေးရွာတစ် ရွာဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ၂လမှ ၁၈လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် လစဉ်ကာကွယ်ဆေးလာရောက်ထိုးနှံပေးခြင်း ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ကာ ကွယ်ဆေးနှင့်ညွှန့်ကြားချက် အတိုင်းအချိန်မှန်ထိုးနှံပေး ပါသည်။

ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တခါတရံ ရာသီဥတုအပြောင်းအလဲကြောင့် ရာသီဖျားနာခြင်းများ ဖြစ်လေ့ရှိပါသည်။ ကျေးရွာရှိကလေးသူငယ်များကို ကျန်းမာရေး

ဌာနမှတာဝန်ရှိဆရာမများက အသက်အလိုက် သက်ဆိုင်ရာကာကွယ်ဆေးများ ထိုးပေးပါသည်။ တခါတရံ မိုးရာသီတွင် သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော ရောဂါများကို နီးစပ်ရာ ဆေးရုံ၊ ဆေးပေးခန်းများသို့ သွားရောက်၍ ဆေးကုသမှုခံယူရ ပါသည်။ ကျေးရွာရှိကလေးများမှာ အာဟာရချို့တဲ့မှုမရှိပါ။ အများစုမှာ ကျန်းမာသန် စွမ်းကြ ပါသည်။ လပွတ္တာမြို့နှင့်(၃)မိုင်မြို့သစ်နီးသောကြောင့် ဆေးဆိုင်များတွင် ခေါင်းကိုက်၊ ဖျားနာခြင်း များအတွက် အကိုက် အခဲပျောက် ဆေးများ အလွယ်တကူရရှိနိုင်ပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာတွင် နှစ်စဉ်မိုးများသောကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ပါသည်။ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများ ရှိပါသည်။ တခါတရံ လေပြင်းတိုက်ခတ်မှုများ ရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာများ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီလွှာများပျက်စီးရပါသည်။ ကျေးရွာသူ/သားများသည် ဘူးခွံ၊ အိတ်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်သောအလေ့အထမရှိသောကြောင့် သဘာဝပတ်ဝန်းကျင် ညစ်နွမ်းရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ပေးလုပ်ငန်း များ ပြုလုပ်ပေးခြင်းကြောင့် ကျေးရွာရှိပြည်သူလူထုသည် အသိပညာဗဟုသုတများ ပြီးပြည့်စုံပြီး ဖွံ့ဖြိုး တိုးတက်သော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဖြစ်ပါသည်။

သဲကုန်းကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင် စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိ သဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

သဲကုန်းကျေးရွာ၏ မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တီဘီရောဂါ ဖြစ်ပွားသည့် လူနာအနည်းငယ်သာ ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

**(၉) ကျား – မ ရေးရာ**

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ်တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်းများလုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ပုတ်ပြတ် လုပ်အားများတွင် တန်းတူအခွင့် အရေးရှိပါသည်။ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုး သမီးများသည် အတွေ့ အကြုံနည်းပါ၍ ပါဝင်မှုနည်းပါပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါ သည်။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှု နှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိပါ။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေး ထိ ကျား/မတန်းတူ အခွင့် အရေး ရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ရွာတွင်းလမ်းအဆင့်မြှင့်တင်ရေးစီမံချက် | ၁ |
| ၂ | အခြေခံအဆောက်အဦ | မြေသားရေကန်ရရှိရေးစီမံချက် | ၂ |
| ၃ | အခြေခံအဆောက်အဦ | စာသင်ကျောင်းရရှိရေးစီမံချက် | ၃ |
| ၄ | လျှပ်စစ် | မီးလင်းရေးစီမံချက် | ၄ |

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| • မိုးရာသီတွင် ကျေးရွာတွင်းလမ်းသွားလာ ရန် ခက်ခဲခြင်း | • ကျောက်ကြမ်းလမ်းဖြစ်၍ မိုးရာသီတွင်ရွှံ့ဗွက်ထူခြင်း၊ မညီညွှတ်ခြင်း | • ကျေးရွာထည့်ဝင်ငွေ ပါဝင်နိုင်ခြင်း<br>• ကျေးရွာမှ လုပ်အား ဒါန ကူညီပေးနိုင် ခြင်း၊<br>• လမ်းခင်းရန် ကုန်ကြမ်းပစ္စည်း ဝယ်ယူရန် နီးခြင်း | • ကျေးရွာမှ ငွေကြေး အလုံအလောက်မတတ်နိုင်ခြင်း၊<br>• သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်မှု အားနည်းခြင်း | • ရွာတွင်းလမ်း အဆင့်မြှင့်တင်ရေး စီမံချက် ရေးဆွဲဆောင်ရွက်ခြင်း၊ ပြင်ပအကူအညီရှာဖွေခြင်း၊<br>• ကျေးရွာမှ ငွေအားစုဆောင်းခြင်း<br>• သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်တောင်းခံခြင်း | • ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ရေး စီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ - အခြေခံအဆောက်အဦ | | | | | |
| • သောက်သုံးရေ လုံလောက်စွာမရရှိနိုင်ခြင်း<br>• | • အခြားရေအရင်းအမြစ်(ဥပမာ- စိမ့်စမ်း၊ ဆည်၊ အဝီစိတွင်း စသည်)မရှိခြင်း | • မိုးရေလှောင်ကန်၊ အုတ်ရေလှောင်ကန်များတည်ဆောက်ရန် အတွက်မြေနေရာပေးနိုင်ခြင်း၊ မိုးများခြင်း၊ | • ကျေးရွာ၏ငွေအင်အားထည့်ဝင်လိုစိတ်ရှိသော် လည်း စီးပွားရေးအခြေအနေအရငွေကြေးအခက်အခဲရှိခြင်း၊ | • အခြားအလှူရှင်များနှင့် သက်ဆိုင်ရာဌာနများအားချိတ်ဆက်ဆောင် ရွက် ခြင်း | –ကျေးရွာ၏ သောက်သုံးရေအား အချိန်ရာသီမရွေးသုံးစွဲနိုင်ခြင်း |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်း |
|---|---|---|---|---|---|
| **ကဏ္ဍ – အခြေခံအဆောက်အဦ** | | | | | |
| • ကျေးရွာစာသင်ကျောင်း မရှိခြင်း | • ကျောင်းသားဦးရေ တိုးလာခြင်း။<br>• ကျောင်းအဆောက်အဦ မရှိခြင်း။ | • လုပ်အားပါဝင်နိုင်ခြင်း | • ကျေးရွာမှ ငွေကြေး အလုံအလောက်မတက်နိုင်ခြင်း၊ ကျေးရွာမှ သက်ဆိုင်ရာဦးစီးဌာနသို့ ထိရောက်စွာ တင်ပြမှု မရှိခြင်း | • ကျေးရွာတွင် ကော်မတီအဖွဲ့ ဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း | • ကျေးရွာစာသင် ကျောင်း ရရှိရေးစီမံချက် |

| ပြဿနာ | ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ | ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း |
|---|---|---|---|---|---|
| ကဏ္ဍ –လျှပ်စစ် | | | | | |
| • လျှပ်စစ်မီး မရရှိခြင်း၊ | • ငွေကြေး ကောက်ခံရာတွင် နိုင်ခြင်း အခက်အခဲရှိနေခြင်း | • ကျေးရွာ မှလုပ်အား၊ ငွေအားကူညီနိုင်ခြင်း<br>• မဟာဓါတ်အားလိုင်းနှင့် နီးခြင်း<br>• ဓါတ်တိုင်(၁၀) စိုက်ထူပြီး ခြင်း၊<br>• ကြိုး(၁)ရောက်ရှိပြီးခြင်း<br>• မီးလင်းရေးကော် မတီဖွဲ့ပြီးစည်းခြင်း | | • မြို့နယ်လျှပ်စစ်ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခြင်း။ | • ကျေးရွာ မီးလင်းရေး စီမံချက် |

# ကျောက်မှော်ကျေးရွာ၊ သဲကုန်းရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးထွန်းဝင်း | ဦးသောင်း | ၁၄/လပတ(နိုင်)၁၂၉၀၁၉ | ၄၇ | ဥက္ကဋ္ဌ | ၀၉-၄၅၀၀၀၄၂၂၈ |
| ၂ | ဦးမျိုးသက် | ဦးတင်အောင် | ၁၄/လပတ(နိုင်)၀၉၇၆၁၇ | ၄၃ | အတွင်းရေးမှူး | ၀၉၂၆၂၂၃၃၉၉၃ |
| ၃ | ဒေါ်ခင်မာဌေး | ဦးချစ်ငွေ | ၁၄/လပတ(နိုင်)၁၂၈၉၇၉ | ၄၀ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၀၇၃၁၁၉၈ |
| ၄ | ဦးမောင်ကျင်စိုး | ဦးခင်မြင့် | ၁၄/လပတ(နိုင်)၀၈၁၉၀၁ | ၄၀ | သော့ကိုင်(၁) | ၀၉-၇၇၇၄၆၉၄၀၄ |
| ၅ | ဒေါ်ပိုပို | ဦးထွန်းကြည် | ၁၄/လပတ(နိုင်)၂၀၂၅၀၆ | ၄၁ | သော့ကိုင်(၂) | ၀၉-၇၇၇၄၇၇၉၂၀ |
| ၆ | ဦးကျော်စည်သူဟိန်း | ဦးဇော်မင်းဦး | ၁၄/လပတ(နိုင်)၁၃၁၅၄၁ | ၁၉ | စာရင်းကိုင် | ၀၉-၄၀၁၈၅၈၁၂၂ |
| ၇ | ဒေါ်အေးအေး | ဦးတင်သန်း | ၁၄/လပတ(နိုင်)၁၇၉၃၈၃ | ၄၄ | အဖွဲ့ဝင် | - |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၇ | ၁၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၀ | ၇ | ၁၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၉ | ၂၂ | ၄၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၆ | ၁၄ | ၃၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၄ | ၁၃၃ | ၂၆၇ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၄ | ၃ | ၇ |
| **စုစုပေါင်း** | | **၁၈၉** | **၁၈၆** | **၃၇၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၉၁** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ကျောက်မှော်အုပ်စု၊ သဲကုန်းကျေးရွာသည် လူဦးရေအလွန်များပြားသော ကျေးရွာတစ်ရွာမဟုတ်ပါ။ ကျေးရွာသည် ဗမာလူမျိုးများနေထိုင်ကြပါသည်။ အိမ်ထောင်စု (၉၁)စု ၊ လူဦးရေ (၃၇၅)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၃.၅%)၊ ၅နှစ်အောက် ကလေး ငယ် (၄.၅၃%)၊ မူလတန်းကျောင်းသာအရွယ် (၁၀.၉၃%)၊ အလယ်တန်း ကျောင်းသား အရွယ် (၈%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၁.၂%)၊ အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်အို (၁.၉%) ရှိပါသည်။ ပျှမ်းမျှအားဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၈.၈%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၁၃၄)ဦး၊ မ (၁၃၃)ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၁.၂%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။**

## (၂)	သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁)	ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၄၉ | သင့် | အနည်းအကျဉ်း | မြောင်းရေ/ မိုးရေ |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| **စုစုပေါင်း** | **၄၉** | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာသည် လယ်မြေ ဧက (၄၉)ဧကရှိပြီး မိုးစပါးတစ်သီးစားသာ စိုက်ပျိုးလို့ရပါသည်။ တိုင်ထောင်ပဲ၊ ရုံးပတေသီး၊ ချဉ်ပေါင် ရွက်စသည့် ဟင်းသီးဟင်းရွက်များကိုလည်း တပိုင်တနိုင်စိုက်ပျိုးကြပါသည်။ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သည့် တောင်သူမှာ ကျေးရွာအိမ်ထောင်စု၏ (၉.၉%)သာရှိပြီး အခြားအိမ်ထောင်စုများမှာ ကျပန်းဝင်ငွေရလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။**

### (၂.၂)	ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ<br>(လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာမှ သဲနှင့်ကျောက်များ အလွယ်တကူရရှိပါသည်။**

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | မီးလင်းရေး ကော်မတီ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | 230KVလိုင်းအတွက် လျှပ်စစ်မီးရရှိရေး လုပ်ငန်းများတွင်းအားကောင်းပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ■ | ကျေးရွာဖွံ့ဖြိုးထုးရေးလုပ်ငန်းများဆောင်ရွက်ပါသည် |
| ၃ | ကျေးရွာကျန်းမာရေးကော်မတီအဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ■ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐ | ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများတွင် ဆောင်ရွက်ပါသည်။ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၄ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃■ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ■<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ဘာသာရေး၊ သားရေး/နားရေး ကိစ္စရပ်များတွင်း ဆောင်ရွက်ပါသည်။ |
| ၅ | လူငယ်အဖွဲ့ | ၁☐ ၂■ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | လုံခြုံရေးကာကွယ်ရေးလုပ်ငန်းများတွင်ပါဝင်မှုအားကောင်းပါသည် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာသည် ပြင်ပအဖွဲ့အစည်းအားဖြင့် Save The Children အဖွဲ့အစည်းရှိပါသည်။ ကျေးရွာတွင် အုပ်ချုပ် ရေးပိုင်းနှင့် မီးလင်းရေးကော်မတီသည် ပိုပြီးအားကောင်းပါသည်။ ကျေးရွာတွင်း အဖွဲ့အစည်း အားလုံးသည် စည်းလုံးညီညွတ်၍ ကာကွယ်ရေးနှင့် သာရေး နာရေးကိစ္စရပ်များတွင် ပူးပေါင်းပါ ဝင်မှု အားကောင်းပါသည်။**

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧက အထက် | ၅ ဧကမှ ၉ဧကအောက် | ၂.၅ ဧက အောက် | မြေယာမဲ့ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| အိမ်အခြေအနေ | ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး | ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး | ပျဉ်ခင်း၊ ဓနိမိုး/ကာ | ဝါးအိမ်၊ ဓနိမိုး/ကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ သုံးဘီးဆိုင်ကယ် ၊ ဆိုင်ကယ်၊ ထော် လာဂျီ၊ | ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ် | လယ် | ကျပန်း | နေ့စားလုပ်သား |
| **အိမ်ထောင်စု** | **၅** | **၄** | **၂၅** | **၅၇** |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။** ။ကျေးရွာသည် အိမ်ထောင် စုအားဖြင့် (၉၁)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၅.၅%)မှာ ဝင်ငွေကောင်းသော စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စု (၄.၄%)မှာ ဝင်ငွေအသင့်အတင့်ရသော လယ်၊ မွေးမြူရေးနှင့် တနိုင်တပိုင် ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးခြင်းဖြင့် အသက်မွေးကြပါ သည်။ မပြေလည်သော အိမ်ထောင်စု (၂၇.၅%)မှာ တစ်ပိုင်တနိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၆၂.၆၃%) မှာ လယ်ယာမဲ့ များဖြစ်ကြပြီး လက်သမား၊ ပန်းရံ၊ ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် လုပ်ကိုင်ကြပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၂ | ၉၀.၁ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | | | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား ( ၅ဟတ်တာထိ) | ၄ | ၄.၄ | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၅ | ၅.၅ | တောင်သူကြီး |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။သဲကုန်းကျေးရွာသည် မြေယာမဲ့ အိမ်ထောင်စုမှာ (၉၀.၁%)ရှိပြီး အများစုမှာ နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။**

## (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၁၀၉ | တင်း | ၄၀ | ၅၅ | ၅၀ | စိုက်ပျိုးရေ ရရှိမှု နည်းပြီး၊ မျိုးကောင်းမျိုးသန့်များလည်း မရှိပါ။ |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။သဲကုန်းကျေးရွာသည် စပါးကိုသာ အဓိကထား စိုက်ပျိုးသောကျေးရွာဖြစ်ပါသည်။ မိုးစပါး တစ်မျိုးသာ စိုက်ပျိုးလို့ရပါသည်။ စပါး အထွက်နှုန်းမှာ နှစ်စဉ်ပုံမှန် မရှိရာသီဥတုပေါ် မူတည်ပြီး ထွက်ရှိပါသည်။ ပျှမ်းမျှထွက်နှုန်းမှာ ၁ဧကလျှင် (၅၀)တင်းခန့်သာ ထွက်ရှိပါသည်။ စပါးအထွက်နှုန်းနည်းခြင်းအားဖြင့်မှာ စိုက်ပျိုးရေး၊ နည်းပညာလိုအပ်ခြင်းနှင့် မျိုးကောင်းမျိုးသန့် များရရှိလျှင် ပိုပြီးထွက်နှုန်းကောင်းမွန်လာမည်ဖြစ်ပါသည်။**

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၁ | ၅ |
| နို့စားနွား | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ကျွဲ | ၁ | ၆ |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၂ | ၁၄ |
| သိုး | | |
| ဝက် | ၁၆ | ၅၉ |
| ကြက် | ၄၁ | ၂၅၄ |
| ဘဲ | ၇ | ၃၃ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သဲကုန်းကျေးရွာသည် တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ်မဟုတ်ဘဲ မိမိတို့အိမ်မှာ တဖက်တလမ်းမှ ဝင်ငွေအထောက်အကူဖြစ်စေနိုင်ခြင်းဖြင့် လုပ်ကိုင်ကြပါသည်။ကျွဲ မွေးမြူသောအိမ်ထောင်စုမှာ (၁%)၊ ၊နွား မွေးမြူသောအိမ်ထောင်စုမှာ (၁%)၊ ဆိတ် မွေးမြူသောအိမ်ထောင်စုမှာ (၂.၁%)စု၊ ဝက် မွေးမြူသောအိမ်ထောင်စုမှာ (၁၇.၆%)၊ ကြက်မွေးမြူသောအိမ်ထောင်စုမှာ (၄၅.၀၅%)နှင့် ဘဲ မွေးမြူသောအိမ်ထောင်စုမှာ (၇.၇%) မွေးမြူကြပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ | ၁ | | ၁ | နိမ့် |

| | | | | | |
|---|---|---|---|---|---|
| | အရင်းအမြစ်များ ထုတ်လုပ် ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | | ၁၇ | နိမ့် |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | ၁ | | ၂ | နိမ့် |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၂ | | ၂၅ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၃ | | ၃ | နိမ့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁၁ | | ၁၁ | နိမ့် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၁ | | ၂ | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၄ | | ၄ | နိမ့် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း) | ၂ | | ၂ | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၃ | | ၃ | နိမ့် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သဲကုန်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူနှင့် အရောင်းအဝယ်(ကုန်စုံ)၊ တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု များလည်း ရှိပါသည်။ ဆိုင်ကယ်၊ ၊သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီမောင်း၍ ခရီးသယ်များ ပို့ဆောင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်သူများလည်း ရှိပါသည်။ ကျေးရွာတွင် ပညာရေး

ဝန်ထမ်း (၄) ဦးနှင့် ကျန်းမာရေးဝန်ထမ်း (၂) ဦးရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ လုပ်ကိုင်ကြသဖြင့် အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် ဦးရေများရခြင်း ဖြစ်သည်။ သတ္တုလုပ်ငန်းတွင် ရေနံမြေတွင် သွားရောက်လုပ်ကိုင်ခြင်း၊ ထုတ်ကုန်လုပ်ငန်းတွင် အလုပ်သမားအဖြစ် ရန်ကုန်အထည်ချုပ်စက်ရုံသို့ လုပ်ကိုင်သူ(၂၅)ဦး၊ လျှပ်စစ်လုပ်ငန်းတွင် မြို့နယ်လျှပ်စစ်ရုံးတွင် အလုပ်သမားအဖြစ် လုပ်ကိုင်သူ(၂)ဦး၊ ဆောက်လုပ်ရေးလုပ်ငန်းတွင် လက်သမား၊ပန်းရံ လုပ်ကိုင်သူ(၂၅)ဦး၊ ယာဉ်ပြင်သူ(၃)ဦး၊ ကုန်စုံဆိုင်များနှင့် ခေါင်းရွက် ဖျတ်ထိုးကုန်စိမ်းသယ်များ၊ လက်ဖက်ရည်ဆိုင် (၁)ဆိုင်၊ ဆိုင်ကယ်နှင့် သုံးဘီးအငှားယာဉ်များ၊ ပညာရေးဝန်ထမ်း(၃)ဦး စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများတွင် လုပ်ကိုင်စားသောက်သော မိသားစုများသည် ပြေလည်ခြင်းမရှိ၍ လုပ်ကိုင်စားသောက်ရာတွင်လည်း အသင့်အတင့်ဝင်ငွေရရှိသောကြောင့် မိသားစုစားဝတ်နေရေး အဆင်ပြေမှု နည်းပါခြင်းကို တွေ့ရှိရ ပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) စျေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမီမှု အခြေအနေ

| စျေးကွက်လက်လှမ်းမီမှု | **အနီးဆုံးစျေး**<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားစျေးကွက်**<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| စျေးအမည် (မြို့/ ရွာ) | | |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ■<br>၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ■<br>ကား/ထော်လာဂျီ ■ ရထား ☐<br>သုံးဘီးဆိုင်ကယ် ■ လှေ ☐<br>စက်လှေ ■ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐<br>ကား/ထော်လာဂျီ ■ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။သဲကုန်းကျေးရွာမှ အနီးဆုံးစျေးနှင့်အကြီးဆုံးစျေးမှာ (၃)မိုင်ဝေးသော လပွတ္တာမြို့သို့ သုံးဘီးနှင့် ထော်လာဂျီများဖြင့် သွားရောက်ဝယ်ယူရောင်းချရပါသည်။**

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☐☐ ၂■<br>၃☐ ၄☐ ၅☐ | ကောင်း☐ သင့်<br>☐ ညံ့ ■ | ပွင့်လင်း ရာသီ ■<br>တစ်နှစ်ပတ်လုံး☐ | ဝ-၁ မိုင် ■<br>၁-၅ မိုင် ☐<br>၅-၁ဝ မိုင် ☐<br>၁ဝမိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ■ ၂☐<br>၃☐ ၄☐ ၅☐ | ကောင်း☐ သင့်<br>☐ ညံ့ ■ | ပွင့်လင်း ရာသီ ■<br>တစ်နှစ်ပတ်လုံး☐ | ဝ-၁ မိုင် ■<br>၁-၅ မိုင် ☐<br>၅-၁ဝ မိုင် ☐<br>၁ဝမိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ■ ၂☐<br>၃☐ ၄☐ ၅☐ | ကောင်း☐ သင့်<br>☐ ညံ့ ■ | ပွင့်လင်း ရာသီ ■<br>တစ်နှစ်ပတ်လုံး☐ | ဝ-၁ မိုင် ☐<br>၁-၅ မိုင် ■<br>၅-၁ဝ မိုင် ☐<br>၁ဝမိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။ ။သဲကုန်းကျေးရွာသည် ယခင်က သဲလမ်း၍ သဲပူခြင်း တို့ကြောင့် သွားလာရသည်မှာ အခက်အခဲရှိပါသည်။ ယခုချိန်တွင် ကိုယ်ထူကိုယ်ထ ကျောက်ကြမ်းများ အနည်းအပါး ခင်းထားပြီး မိုးရွာသီတွင် မိုးရေဝပ်ခြင်း၊ လမ်းသားများ ညီညွှတ်မှုမရှိခြင်းတို့ကြောင့် ယာဉ်များဖြတ်မောင်းရာတွင်လည်း အခက်အခဲရှိပါသည်။ ချဉ်ကပ်လမ်း၊ ရွာချင်းဆက်လမ်း များမှာ မြေသားလမ်းများဖြစ်၍ အရည်အသွေးအားဖြင့် ညံ့လှပါသည်။ တစ်နှစ်ပတ်လုံး သွားလာရ သည်မှာ အခက်အခဲရှိပါသည်။ ထို့ကြောင့် ရာသီမရွေးသွားလာနိုင်ရန်အတွက် ကွန်ကရစ်လမ်း(သို့) ကျောက်ချောလမ်းခင်းပေးမည် ဆိုပါက ကျေးရွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။**

## (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ဝ မှ ၁ဝ မိုင် ☐<br>၁၁ မှ ၂ဝ မိုင် ☐<br>၂၁ မှ ၅ဝ မိုင် ☐<br>၅ဝမိုင် အထက် ☐<br>အသုံးမပြုပါ ■ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ဝ မှ ၁ဝ မိုင် ☐ | ပွင့်လင်းရာသီ ☐တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| | ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ■ | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ အရှေ့ဘက်တွင်လယ်ကွင်းရှိပြီးအဆုံးတွင် ရွှံ့မြစ်ရှိပါသည်။ အဆိုပါမြစ်ကို အမှီပြု၍ စီပွားရေးလုပ်ငန်းများ ကူးသန်းရောင်းဝယ်ခြင်းမရှိပါ။ ကုန်းလမ်းကြောင်းဖြင့်သာ အဓိကအသုံးပြုကြပါသည်။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၂ | ၂၂ | ၂ | ၂ | | | |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။ သဲကုန်းကျေးရွာတွင် ကုန်းလမ်းကိုသာ အဓိကထားပြီး အသုံးပြုများသောကြောင့် ဆိုင် ကယ်၊ စက်ဘီးနှင့်ထော်လာဂျီများသယ်ယူပို့ဆောင်ကြပါသည်။**

**အဆိုပါယာဉ်များ ရှိသည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြားဝင်ငွေရလုပ်ရသောလုပ်ငန်းများလုပ်ဆောင်နိုင်ခြင်းကြောင့် စားဝတ်နေရေးများကို တဖက်တလှမ်းမှ အထောက်အကူပြုကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ29

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၃၅ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၄ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော | |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၅၂ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ဆိုလာနှင့် ဒီဇယ်အင်ဂျင်သုံးစွဲနိုင်သည့် အိမ်ထောင်စုနည်းပါသည်။ ဖရောင်ထောင် အသုံးပြုသည့် အိမ်ထောင်များကြပါသည်။ ယခုလက်ရှိအချိန်တွင် လျှပ်စစ်မီးဆောင်ရွက်ဆဲဖြစ်နေပါသည်။ အဆိုပါလုပ်ငန်းကို ကျေးရွာမှ ပြည်သူထည့်ငွေ (၆၄) ကျပ်သိန်းခန့် စုဆောင်ပြီး ကွန်ကရစ်မီးတိုင်(၁၀)တိုင်၊ ကြိုးခွေ(၁) ဆောင်ရွက်ပြီးဖြစ်ပါသည်။ ငွေကြေးအခက်အခဲကြောင့် ဆောင်ရွက်ရန်အခက်အခဲရှိနေပါသည်။**

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၇၅ | ၄ | ၁၉ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။ ။သဲကုန်းကျေးရွာတွင် အရေးပေါ်ကိစ္စများ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ဖုန်း၊ ရေဒီယို၊ တီဗွီ၊ ဂြိုလ်တုစလောင်း စသည့်တို့မှ ရရှိသည့်အပြင် အမ်ပီတီနှင့် တယ်လီနောဖုန်း တာဝါတိုင်များလည်း ကျေးရွာအနီးတွင် ရှိသဖြင့် ဆက်သွယ်ရေးမှာ ကောင်းမွန်လှပါသည်။**

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၁ | ၃၀ | ၅၁ |
| အလယ်တန်း | ၉ | ၄ | ၁၃ |
| အထက်တန်း | ၄ | ၅ | ၉ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၁ | ၅ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး

နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် စာသင်ကျောင်းမရရှိသေးပါ။ အုပ်စုကျေးရွာဖြစ်သော ကျောက်မှော်ကျေးရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ အလယ်တန်းပညာရေးနှင့် အထက်တန်းပညာရေးကို (၃)မိုင်မြို့သစ်သို့ တက်ရောက်ရပါသည်။ အဆိုပါကျောင်းများသို့ ခြေလျင်ခရီးကြာချိန် (၂၅)မိနစ်မျှသာ လမ်းလျှောက်ရပါသည်။ အချို့ကျောင်းသူ/သားများသည် စက်ဘီးများဖြင့် တက်ရောက်ပါသည်။**

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | | | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏

စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက် ။ ။သဲကုန်းကျေးရွာတွင် ကျေးရွာစာသင်ဆောင်မရရှိသေးပါ။**

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၆ | တီဘီ | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့် ■ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့် ☐ | မရှိ■ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့် ■ | မရှိ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် အရေးပေါ်အခြေအနေများတွင် (၃)မိုင်မြို့ဆေးရုံနှင့် နီးသောကြောင့် ရောဂါကူသမှုမှာ အချိန်မီကူသနိုင်ပါသည်။ ကာလပေါ် ရောဂါများဖြစ်သော နာစေးခြင်း၊ သွေးလွန်တုတ်ကွေး၊ သာမန်ဖျာနာခြင်းများသာဖြစ်တက် ပါသည်။**

### (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | Â | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | |
| ၃ | ပိုလီယိုရောဂါ | Â | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | |
| ၅ | ဝက်သက်ရောဂါ | Â | |

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | | Â |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | Â | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | Â | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါတို့မှာ အနည်းငယ်သာ ဖြစ်ပေါ်လျှက်ရှိပါသည်။ ကျေးရွာတွင် သာမန်ဖျားနာခြင်း၊ နာစေးခြင်းစသည့် ဖျားနာမှုများမှာ အဖြစ်များလေ့ရှိသောကြောင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာမရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ၂လမှ ၁၈လအထိ ကလေးများအား ကျေးလက်ကျန်းမာရေးဌာနခွဲမှ သားဖွားဆရာမသည် လစဉ်ကာကွယ်ဆေးလာရောက်ထိုးနှံပေးခြင်း ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ကာကွယ်ဆေးနှင့် ညွှန်ကြားချက်အတိုင်း အချိန် မှန်ထိုးနှံပေး ပါသည်။**

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ■<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ■ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ■<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ■ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ■<br>၁၀ မိုင်အထက် ☐ | ရှိ ■<br>မရှိ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ

ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။သဲကုန်းကျေးရွာသည် ကာလပေါ်၊ ရာသီပေါ် ရောဂါများ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ရှိရာ ကျော့က်မှော်ကျေးရွာသို့ သွားရောက်ကု သရပါသည်။ သဲကုန်းကျေးရွာသည် လပွတ္တာ-မြောင်းမြကားလမ်းဘေးကျေးရွာဖြစ်ပြီး (၃)မိုင်မြို့သစ်နှင့် ဆက်သွယ်ရေးလမ်းပဲခြားနေပြီး ပြည်သူ့ဆေးရုံသို့ အရေးပေါ်အခြေအနေများ တွင် အချိန်မီကုသနိုင်ပါသည်။**

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄. ၁) သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **ရေ အရည်အသွေး** | **လုံလောက်မှု(မိုး၊ဆောင်း၊ နွေ)** |
|---|---|---|---|
| ရေတွင်း | ၄ | ကောင်း☐ သင့် ■ ညံ့☐ | မိုး၊ ဆောင်း |
| အဝီစိတွင်း/ စက်တပ် | | ကောင်း☐ သင့် ☐ညံ့☐ | |
| အဝီစိတွင်း/ တုံကင် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | ၉၁ | ကောင်း☐ သင့်■ ညံ့☐ | မိုး၊ ဆောင်း |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။ ။သဲကုန်းကျေးရွာတွင် မြေသာရေကန်ကိုသာ အဓိကထားသုံးနေကြပြီး နွေရာသီတွင်အဆိုပါရေကန်မှ ရေထွက်နည်းပြီး သုံးစွဲသူဦးရေများသောကြောင့် ရေလုံလောက်မှု မရှိပါ။ ကျေးရွာတွင် ရေတွင်းအသုံးပြုသော အိမ်ထောင်စု(၄)စုသာရှိပါ သည်။မြေသားမိုးရေလှောင် ကန်တူးဖော်ပေးနိုင်မည်ဆိုပါက ကျေးရွာ အတွက် ရာသီမရွေး သောက်သုံးရေ လုံလောက်စွာ အသုံး ပြုနိုင်ပါမည်။**

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၄၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၁၀ |
| တွင်းမရှိ အိမ်သာ | ၆ |
| အိမ်သာမရှိ | ၃၅ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။သဲကုန်းကျေးရွာသည် အိမ်ထောင်စု(၉၁)ရှိပြီး သန့်ရှင်းသောအိမ်သာ သုံးအိမ်ထောင် (၄၃.၉၅%)လုံးရှိပါသည်။ မသန့်ရှင်သောအိမ်ထောင်စုများသည် (၅၆.၀၄%)ရှိပြီး အချို့အိမ်သာမရှိသော အိမ်ထောင်စုများမှာ မိမိတို့နှင့်နီး စပ်ရာ အခြားအိမ်ထောင်စုပိုင် ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။**

**(၈) ဘေးအန္တရယ်များ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | အမျိုးသမီးဦးဆောင်သောဆင်းရဲသောအိမ်ထောင်စု |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေ မရရှိနိုင်ခြင်း |
| ၃ | ရေကြီးခြင်း | |
| ၄ | မိုးခေါင်ခြင်း | |
| ၅ | အအေးလွန်ကဲခြင်း | |
| ၆ | မုန်တိုင်း | |
| ၇ | ငလျင် | |
| ၈ | မီးဘေး | နွေရာသီတောမီးလောင်နိုင်ခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | နွေစပါး စိုက်ပျိုး၍ မရရှိနိုင်ခြင်း |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ရာသီဥတုပူပြင်းခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၃ | တီဘီရောဂါ | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မွေးမြူရေးတွင် အောင်မြင်မှုနည်းပါးခြင်း |
| ၁၇ | လူကုန်ကူးခြင်း | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများသည် ဝမ်းစာ မဖူလုံမှု အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေ မရရှိခြင်းကြောင့် မိုးစပါးတစ်မျိုးကိုသာ စိုက်ပျိုးလို့ ရပါသည်။ စိုက်ပျိုးရေး ထိခိုက်မှုမှာ အချိန်အတော်မိုးရွာခြင်း ရာသီဥတုဖောက်ပြန်ခြင်း၊ သီးနှံများပျက်စီးခြင်း၊ မိုးသည်းထန်စွာရွာ၍ စိုက်ခင်းများ ရေကြီးရေလျှံဖြစ်ခြင်းများ ဖြစ်ပေါ်ပါသည်။**

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | ဆားငန်ရေ ဝင်ရောက်ခြင်း |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | နိမ့် | ရေထွက်နှုန်းနည်းခြင်း |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ သဲကုန်းကျေးရွာသည် မိုးရေကိုသာ အဓိကအားထားပြီး စိုက်ပျိုးရပါသည်။ လယ်ယာမြေတွင် မြေဆီသြဇာနည်းပါးခြင်း၊ မျိုးကောင်းမျိုးသန့် မရရှိခြင်း၊ စိုက်ပျိုးရေ လုံလောက်စွာမရရှိခြင်းတို့ကြောင့် စပါးထွက်နှုန်းများ လျော့ခြင်း စပါးအဖျင်းများခြင်း တို့တွေ့ရှိ ရပါသည်။**

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ■ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ ■ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျား/မ လုပ်အားခနှုန်းများမှာ ညီမျှမှုမရှိပါ အလုပ်တွင်အားစိုက်မှုနှုန်းပို၍ အားစိုက်ရ၍ ယောကျ်ားလေးများမှာ လုပ်အားခပိုမိုရရှိပါသည်။ ပုတ်ပြတ်လုပ်အားများတွင် တန်းတူအခွင့်အရေးရှိပါသည်။ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုး သမီးများသည် အတွေ့ အကြုံနည်းပါ၍ ပါဝင်မှုနည်းပါပြီး အမျိုးသားများစုကသာ ဦးဆောင်ဦးရွက် အုပ်ချုပ်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ Save The Chirdren အဖွဲ့တွင်လည်း အမျိုးသမီးများသည်ပါဝင်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ မူးယစ်ဆေး သုံးစွဲမှု နှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာ ရှိပါသည်။ ခိုးဆိုးလုယက် မှုများ မရှိပါ။**